# ဂျပန်နိုင်ငံရှိ ပညာတော်သင်ကျောင်းများ

## Chuo University



ချူးအိုးတက္ကသိုလ်ကို ၁၈၈၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဂျပန်နိုင်ငံတွင် အစောဆုံးတည်ထောင်ခဲ့သော ပုဂ္ဂလိကပိုင်တက္ကသိုလ်တစ်ခုဖြစ်သည်။ ဂျပန်နိုင်ငံ၏ ဒီမိုကရေစီခေတ်ပြောင်းကာလတွင် အင်္ဂလန်နိုင်ငံ၏ တရားဥပဒေလမ်းစဉ်အတိုင်း ပြည်တွင်းဥပဒေတွင် ဖြည့်စွက်ပြဋ္ဌာန်းရန် ဆန္ဒရှိသောပြည်သူများပေါင်းစုကာ 'အင်္ဂလန်ဥပဒေပညာသင်ကျောင်း'ကို တည်ထောင်ခဲ့သည်။ ယခုမှတ်တမ်းမှာ ချူးအိုးတက္ကသိုလ်ဖြစ်လာရန် ကနဦးအစပင်ဖြစ်သည်။

၂၀ ရာစုအစောပိုင်းတွင် ချူးအိုးတက္ကသိုလ်ဟု အမည်ပြောင်းလဲခေါ်ဝေါ်ခဲ့ပြီး ယခုအခါ ဥပဒေပညာ၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ သိပ္ပံနှင့်စက်မှုပညာ၊ စာပေပညာ၊ အထွေထွေမူဝါဒဆိုင်ရာပညာရပ်စသော ဘာသာရပ် ၆ မျိုး၊ သုတေသနဌာန ၃ ခု၊ အသက်မွေးဝမ်းကျောင်းတက္ကသိုလ် ၃ ခုရှိပြီး ကျောင်းသား ဦးရေ ၂၇၀၀၀ ခန့်တက်ရောက်ပညာသင်ကြားလျက်ရှိသော အထွေထွေတက္ကသိုလ်ကြီးတစ်ခုဖြစ်သည်။

ဥပဒေပညာရှင်၊ လုပ်ငန်းရှင်၊ အစိုးရဝန်ထမ်းများနှင့် လိုင်စင်ရစာရင်းကိုင်များအပါအဝင် လူ့အဖွဲ့အစည်း၏ အဓိကဝတ္တရားတို့ကိုထမ်းဆောင်မည့် လူ့အရင်းအမြစ်များစွာကို မွေးထုတ်ပေးလျက်ရှိပါသည်။ ချူးအိုးတက္ကသိုလ်၏ ကျောင်းတည်ထောင်ခြင်းဆောင်ပုဒ် Fostering the Ability to Apply Knowledge to Practice သည် လက်တွေ့လေ့လာသင်ယူခြင်း တစ်နည်းအားဖြင့် လူ့ဘောင်အဖွဲ့အစည်း၌ ပေါ်ပေါက်နေသောကိစ္စရပ်များ၊ ပြဿနာများကိုဖြေရှင်းနိုင်ရန် လိုအပ်သော ဗဟုသုတ၊ စွမ်းရည်၊ စိတ်ကူးစိတ်သန်းတို့ကိုပိုင်ဆိုင်စေရန်ရည်ရွယ်ကာ သင်ယူခြင်းကိုအလေးအနက်ထားသည့် တက္ကသိုလ်ပညာရေးလမ်းစဉ်အဖြစ် ရှေ့ဆက်ဆောင်ရွက်လျက်ရှိနေပါသည်။

ချူးအိုးတက္ကသိုလ်သည် စတင်တည်ထောင်ချိန်မှစကာ အာရှနိုင်ငံများမှ နိုင်ငံခြားသားပညာတော်သင်ကျောင်းသားများကို အဓိက လက်ခံသင်ကြားပေးလျက်ရှိသည်။ ကျောင်းသားအများစုမှာ မိ-ခင်နိုင်ငံနှင့် ဂျပန်နိုင်ငံ၏ ပေါင်းကူးတံတားများဖြစ်လာကာ ထူးချွန်ထင်ရှားသော လူအရင်းအမြစ်များအဖြစ်အစွမ်းပြလျက်ရှိပါသည်။ ယခုအခါ ချူးအိုးတက္ကသိုလ်တွင် ရည်ရွယ်ချက်မြင့်မားလှသည့် နိုင်ငံတကာမှ ပညာတော်သင်ကျောင်းသားများစွာသည် လက်တွေ့လေ့လာသင်ယူလျက်ရှိကြပေသည်။

### ဂျပန်နိုင်ငံသို့ ပညာသင်သွားရောက်ရခြင်း၏အားသာချက်များ

Yangon Press စာစောင်တွင် ၂၀၁၆ ခုနှစ် ဩဂုတ်လထုတ်မှ ၂၀၁၇ ခုနှစ် ဧပြီလထုတ်အတွင်း ဂျပန်ပညာသင်သွားခြင်း၏ ဆွဲဆောင်မှု၊ ဂျပန်နိုင်ငံသို့ မြန်မာပညာသင်ကျောင်းသားအရေအတွက်တိုးတက်လာမှု၊ ဂျပန်တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန်လိုအပ်ချက်များ၊ ပညာသင်ဆုအကြောင်း၊ နိုင်ငံပိုင်တက္ကသိုလ်၊ ပုဂ္ဂလိကတက္ကသိုလ်များ၏ကျောင်းစရိတ်ကုန်ကျမှု၊ ကျောင်းဝင်ခွင့်လျှောက်ထားရန်လိုအပ်ချက်များ ပြောင်းလဲသတ်မှတ်မှု၊ အချိန်ပိုင်းအလုပ်လုပ်ခြင်း စသည်များနှင့်ပတ်သက်၍ ရှင်းလင်းရေးသားခဲ့ပါသည်။ ယခုလအတွက် ဂျပန်သို့ပညာသင်သွားရခြင်း၏အားသာချက်နှင့် စပ်လျဉ်း၍ဖော်ပြလိုပါသည်။

ဂျပန်ပညာသင်သွားခြင်း၏အားသာချက်မှာ သင်ယူခြင်း၊ ထောက်ပံ့ခြင်း၊ နေထိုင်ခြင်းတို့ဖြစ်ပါသည်။ သင်ယူခြင်းဆိုသည်မှာ သင်ယူနိုင် သောပရိုဂရမ်များစွာရှိခြင်းဖြစ်သည်။ ဂျပန်ဘာသာဖြင့် သင်ယူနိုင်သော အတန်းများသာမက ပညာတော်သင်ကျောင်းသားများအတွက်ရည်ရွယ်၍ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေးသော ပရိုဂရမ်များလည်း တက္ကသိုလ်အသီးသီးတွင် ထားရှိထားပါသည်။ ထို့ကြောင့် ပညာတော်သင်ကျောင်းသားများသည် နိုင်ငံတကာတွင် ကျော်ကြားသော ဂျပန်နိုင်ငံ၏ အသိပညာ၊အတတ်ပညာများကို ဂျပန်တက္ကသိုလ်များတွင် သင်ယူနိုင်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ပညာသင်နှစ် ၁၁ နှစ်ပြီးဆုံးသူ အထက်တန်းအောင်မြင်ပြီးသူသည် ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ပါသည်။ ဂျပန်တက္ကသိုလ်များ၏ သတ်မှတ်ချက်ကိုလိုက်၍ တက္ကသိုလ်ဝင်ခွင့်ဖြေဆိုရာတွင် အသက်ကန့်သတ်ထားခြင်းများလည်းရှိသောကြောင့် ဝင်ခွင့်လျှောက်လွှာမတင်မီ OKAYAMA UNIVERSITY JAPAN EDUCATIONAL INFORMATION CENTER, MYANMAR (OJEIC) တွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

ထောက်ပံ့ခြင်းဆိုသည်မှာ ပညာသင်စရိတ်ထောက်ပံ့ပေးခြင်း၊ ကျောင်းလခလျှော့ပေးခြင်းတို့ဖြစ်ပါသည်။ ဂျပန်အစိုးရ (Ministry of Education, Culture, Sports, Science and Technology) ပညာသင်ဆုသည် ဂျပန်ပညာသင်သွားမည့်ကျောင်းသားများ၏ခရီးစရိတ်၊ ကျောင်းဝင်ကြေး၊ သင်တန်းကြေး၊ နေထိုင်စားသောက်စရိတ်အားလုံးကို ထောက်ပံ့ပေးသော ပညာသင်ဆုဖြစ်သောကြောင့် လူသိများပါသည်။ Japan Student Services Organization (JASSO) မှပေးအပ်သော Monbukagakusho Honors Scholarship for Privately Financed International Students နှင့် Local Governments မှပေးအပ်သော ပညာသင်ဆုများ၊ အစိုးရမှပေးသောပညာသင်ဆုများသာမက Private Foundations မှ ပေးအပ်သော ပညာသင်ဆုများစသည်ဖြင့် ပေးအပ်နေသလို Private Foundations မှ ပေးအပ်သောပညာသင်ဆုများသည် ဂျပန်နိုင်ငံအတွင်းတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသားများကို ပေးအပ်လျက်ရှိသလို ဂျပန်နိုင်ငံသို့မရောက်ခင် လျှောက်ထားနိုင်သော ပညာသင်ဆုများလည်းရှိပါသည်။ ထို့အပြင် ဂျပန်တက္ကသိုလ်များတွင် ပညာသင်ကျောင်းသားများအတွက် ကျောင်းလခလျှော့ပေးခြင်းများလည်းရှိသည်။ ပညာသင်ဆုနှင့် ကျောင်းလခလျှော့ပေါ့ပေးခြင်းများနှင့်ပတ်သက်သည်များကို OJEIC တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

နေထိုင်ခြင်းဆိုသည်မှာ အေးချမ်းလုံခြုံမှုရှိခြင်းနှင့် အလုပ်အကိုင်ရရှိနိုင်ခြင်းတို့ဖြစ်ပါသည်။ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံကဲ့သို့ အာရှတိုက်တွင်တည်ရှိပြီး ဂျပန်လူမျိုးအများစုသည် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြသူများဖြစ်ပါသည်။ ထို့ပြင် ဂျပန်နိုင်ငံသည် အေးချမ်းလုံခြုံမှုရှိသောနိုင်ငံဖြစ်သောကြောင့် မိဘများအနေဖြင့်လည်း သားသမီးများကိုစိတ်ချစွာ ပညာသင်စေလွှတ်နိုင်ပါသည်။

ထို့ပြင် ဂျပန်နိုင်ငံဥပဒေအရ ပညာသင်ကျောင်းသားများကို အချိန်ပိုင်းအလုပ် တရားဝင်လုပ်ခွင့်ပေးထားသည့်အတွက် နေထိုင်စားသောက်စရိတ်ကိုရှာဖွေရင်း၊ ဂျပန်နိုင်ငံရှိ ကုမ္ပဏီများတွင် အလုပ်အတွေ့အကြုံများကိုလည်း သင်ယူနိုင်မည်ဖြစ်ပါသည်။

ဂျပန်ဘွဲ့ကြိုတက္ကသိုလ်၊ ဘွဲ့လွန်တက္ကသိုလ်များတွင် ပညာသင်ကြားရန်စိတ်ဝင်စားသူများ OKAYAMA UNIVERSITY JAPAN EDUCATIONAL INFORMATION CENTER,MYANMAR သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ Okayama တက္ကသိုလ်တစ်ကျောင်းတည်းသာမက ဂျပန်တစ်နိုင်ငံလုံးရှိတက္ကသိုလ်များ၏ သတင်းအချက်အလက်များထားရှိထားပါသည်။

မိမိတက်ရောက်လိုသောဘာသာရပ်အလိုက် တက္ကသိုလ်များကူညီရှာဖွေပေးခြင်း၊ အခမဲ့ဆွေးနွေးတိုင်ပင်ပေးခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း ရေးသားတင်ပြအပ်ပါသည်

OKAYAMA UNIVERSITY JAPAN EDUCATIONAL INFORMATION CENTER,MYANMAR （OJEIC）
လိပ်စာ - R322A, Bld-C, Pearl Condo, Kaba Aye Pagoda Rd, Bahan Township, Yangon
ဖုန်း : 09-261841054
E-mail : ojeicmyanmar@gmail.com
Facebook : https://www.facebook.com/StudyinJapanOfficeYangon
Website : http://www.okayama-u.ac.jp/user/myanmar/index.html

